ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-5-2005)(၄၆၀၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားသမ္မတနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၅ခုနှစ် မေ ၂၅ရက်၌ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံသမ္မတ နက်စတာ ကာလို့စ်ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai **နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၄-၅-၂၀၀၅

ထားဝယ်	–	၁ ဒသမ ၆၂လက်မ
သထုံ	–	၁ ဒသမ ၅၀လက်မ
ကျိုင်းတုံ	–	၁ ဒသမ ၀၆လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၅-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းများ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့်အပြင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပေါင်းစည်းကြိုးပမ်းနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီး အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း၊ တစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုး တိုးတက်လာစေရန် ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည် ဖော်ဆောင်ပေးနေသည်။

တနင်္သာရီတိုင်းသည် ရေ၊ မြေ၊ သစ်တော၊ သတ္တု စသည့် သယံဇာတများရှိပြီး ကြိုးစားလုပ်ကိုင်လျှင် လုပ်ကိုင်သလောက် တိုးတက်လာနိုင်သည့် အခြေခံကောင်းများ ပြည့်ပြည့်စုံစုံရှိကြောင်း တွေ့ရသည်။

စိုက်ပျိုးရေးကဏ္ဍကိုကြည့်လျှင် စိုက်ပျိုးမြေဧရိယာဧက ခုနစ်သိန်းကျော်သာ ရှိနေသေး၍ နောက်ထပ်တိုးချဲ့စိုက်ပျိုးရန် မြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိနေပေသည်။ ထို့ကြောင့် စိုက်ဧကတိုးချဲ့၍ဖြစ်စေ၊ တစ်ဧကအထွက်နှုန်း တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ဒေသဝမ်းစာ ဖူလုံရုံသာမက ပိုလျှံသည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်သည့် အလားအလာရှိပေသည်။

တနင်္သာရီတိုင်းအတွင်း မြေလွတ်မြေရိုင်းများတွင် ဆီအုန်းများတိုးချဲ့စိုက်ပျိုးနိုင်ရန် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီလျက်ရှိသည်။ ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ဆီအုန်းကိုသာမက ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း ဖိဖိစီးစီး စိုက်ပျိုးကြရမည်ဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ၁၃၀၀၀၀ ကျော်၊ ရော်ဘာဧက ၁၀၈၀၀၀ ကျော်နှင့် ငရုတ်ကောင်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ပြည်သူများ စားသုံးမှု ဖူလုံစေရေးအတွက် စားသုံးဆီများကို နှစ်စဉ်ဝယ်ယူတင်သွင်းနေရရာ ဆီအုန်းများ တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် စိုက်ပျိုးသူများလည်း အကျိုးရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိသော ရော်ဘာကိုလည်း လက်ရှိဧက တစ်သိန်းကျော် စိုက်ပျိုးနေရာမှ ဧကနှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန် ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။

တနင်္သာရီတိုင်းသည် ရေမြေသဘာဝ အခြေအနေကောင်းမွန်မှုများအရ ဆီအုန်းစိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေးနှင့်ငါးပုစွန်ထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြု၍ နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုသွားရန် တာဝန်ပေးအပ်ထားပြီး ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်လျက်ရှိရာတွင် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအင်အား တောင့်တင်းခိုင်မာစေရေး ရှေးရှုပြီး စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများအားလုံးက မိမိတို့ လက်ဝယ်ရရှိနေပြီဖြစ်သည့် အောင်မြင်တိုးတက်မှု အခြေခံကောင်းများကို အကျိုးရှိရှိအသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းစေရေးအတွက် တနင်္သာရီတိုင်းအတွင်း၌ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းများကို လျာထားချက် ပြည့်မီရုံသာမက ကျော်လွန်သည်အထိ တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လားရှိုးမြို့ ရန်တိုင်းအောင်စေတီတော် နဝမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ရက်နံနက် ၈နာရီတွင် လားရှိုးမြို့ရွှေတိဂုံပုံတူ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၌ နဝမအကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ ကန်မိုင်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ တိုင်းမှူးနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များမှ ငွေကျပ်သုံးသိန်း၊ ရွှေနဂါးရွှေဆိုင် ဒေါ်ရွှေရင်မိသားစုက ငွေကျပ်သိန်း ၅၀၊ ကချင်အထူးဒေသ(၅)မှ ဦးမြင့်ဆွေက ငွေကျပ်သိန်း ၃၀၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ် ၂၇သိန်းတို့အား အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လက်ခံရယူ

ထို့နောက်အလှူရှင် ၃၀ တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် စေတီတော် တည်ဆောက်ရေးဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရေစက်သွန်းချ

ယင်းနောက် လားရှိုးမြို့ ခါးရိုးပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုမနက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီ အထူးအထွက်တိုး နေကြာမျိုးသန့် စံပြစိုက်ခင်းသို့လည်းကောင်း၊ နေကြာစိုက်ခင်းအနီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီ အထူးအထွက်ကောင်း နွေစပါးစိုက်ခင်းနှင့် အရည်အသွေးကောင်း ဆင်းရွှေလီမွှေး (ဆန်မွှေး) နွေစပါးစိုက်ခင်းများသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့၌ ရွှေနံ့သာစာကြည့်တိုက်ဖွင့် စာအုပ်လှူဒါန်းပွဲနှင့် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

မော်လမြိုင်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း သိုလှောင် ဖြန့်ချိရေးဌာနခွဲရုံး၏ ရွှေနံ့သာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေး အရာရှိ ဌာနခွဲမန်နေဂျာ ဦးစိန်မြင့်နှင့် အရာရှိများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မွန်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေး အရာရှိ ဌာနခွဲ မန်နေဂျာ ဦးစိန်မြင့်က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေနံ့သာစာကြည့်တိုက် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မော်လမြိုင်မြို့ ရွှေနံ့သာစာကြည့်တိုက်ဖွင့်ပွဲတွင် ဌာနခွဲမန်နေဂျာ ဦးစိန်မြင့်က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံ ၃၅၅အုပ်နှင့် ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ မှန်ဗီရိုတစ်လုံးတို့ကို လှူဒါန်း မတည်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါနေ့တွင် ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်နှင့် ငွေလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက စာအုပ် ၁၅၈အုပ်နှင့် အလှူငွေကျပ် ၁၄၄၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မော်လမြိုင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်းမန်နေဂျာများ၏ ဘဏ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၂ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ လက်ထောက် အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်းမန်နေဂျာများနှင့် ရုံးချုပ်ဌာနကြီးများမှ မန်နေဂျာများ တက်ရောက်ကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းက အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန်
ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင်ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ပုသိမ်မြို့တွင် ကျင်းပ

ရန်ကုန် မေ ၂၄

၂၀၀၅ခုနှစ် ဇွန် ၂၆ရက်တွင်ကျရောက်မည့် အငှမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၁ရက် နံနက် ၉နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ ပြိုင်ပွဲဝင်စုစုပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဧရာဝတီတိုင်း အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဝင် ဧရာဝတီတိုင်း အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းမှူးအား အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်၍ အသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ရရှိခဲ့သည့် အသန့်ရှင်းဆုံးဆုကို အသင်းအုပ်ချုပ်သူနည်းပြများက တိုင်းမှူးထံအပ်နှံပြီး တိုင်းမှူးက ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက အကောင်းဆုံး အားကစားသမားဆုရ ကျောနံပါတ်(၆) မငုဝါခိုင်၊ အကောင်းဆုံး ဂိုးသမားဆုရ မအေးအေးသန်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုငွေများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွေးချယ်

ဧရာဝတီတိုင်း အမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ပွဲတွင် ဒုတိယဆုနှင့် အသန့်ရှင်းဆုံးဆုရရှိခဲ့ပြီး အသက်(၁၉)နှစ်အောက် နိုင်ငံလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် ခုနစ်ဦး ရွေးချယ်ခံရသည်။

(သတင်းစဉ်)

ဂန့်ဂေါမြို့မစာသင်တိုက် ဆရာတော်ပူဇော်

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဂန့်ဂေါမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား ချီးကျူးပူဇော်ဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌ ပူဇာသဘင်အခမ်းအနားကို မေ ၈ရက်က ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အဂ္ဂမဟာပဏ္ဍိတ မြို့မစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဂုဏဝိသိဋ္ဌ ပူဇာဂါထာတို့ဖြင့် ရွတ်ပွားပူဇော်ကြပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက သံဃာတော်အပါး ၁၂၀တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း အာဂျင်တီးနားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၅ခုနှစ် မေ ၂၅ ရက်၌ ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ရာဖေလ်ဘီရယ်လ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ သင်တန်းများဆင်းပွဲကို မေ ၂၃ရက် နံနက် ၁၀နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းများဆင်းပွဲသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်နှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထာလုံနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဂျေကိုကိုနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အမှုဆောင်များ စီမံခန့်ခွဲရေး (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၆)နှင့် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅)တို့တွင် ထူးချွန်ဆုများ ရရှိခဲ့သော သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူ ၅၀၀ တို့သည် ကရင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်၊ ကျောက်ကလပ်ဘုရား၊ လုမ္ဗိနီဥယျာဉ်နှင့် သရက်ဥယျာဉ်တို့သို့ သွားရောက်လေ့လာကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၅-၂၀၀၆ခုနှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းညှိနှိုင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ ဌာနစုမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၂၈၇၄၀၀၀ ကို ဌာနခွဲမှူးများအား ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဂရင်းဝင်းအင်တာပရိုက်လီမိတက်မှ အလှူရှင် ဦးလှဝင်းကိုယ်စား ဦးအယ်လမိန်းဒိန်က တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းထံသို့ အလှူငွေကျပ် ခြောက်သိန်းနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၄-၅-၂၀၀၅

မင်းဘူးနှင့် မကွေး

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ဂုဏ်ပြုလွှာပေးအပ်

စမ်းချောင်းမြို့နယ် ရှမ်းလိန်းလမ်း အမှတ်(၁၅)နေ ကွယ်လွန်သူ ဗိုလ်မှူးသန့်စင်အား ရည်စူး၍ ဒေါ်သက်သက်ဦးမိသားစုက နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်ငါးသိန်း လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဇွန် ၂၈ရက်မှ စတင်ကျင်းပမည် နိုင်ငံသားလုပ်ငန်းရှင်များ ဝယ်ယူနိုင်

ရန်ကုန် မေ ၂၄

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ၂၀၀၅ခုနှစ် ဇွန် ၂၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း အထူးရောင်းချပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၅ခုနှစ် မေ ၂၆ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၁၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အိန္ဒိယပါဝင်ကူညီမည် အိန္ဒိယခရီးစဉ် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်အဆုံးသတ်

နယူးဒေလီ မေ ၂၃

အိန္ဒိယနိုင်ငံသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်ကြောင်း၊ ပါလက်စတိုင်းပြည်သူတို့၏ အရေးဘက်မှ အိန္ဒိယနိုင်ငံက အစဉ်အလာအရ အမြဲထောက်ခံအားပေးခဲ့ပြီး ပါလက်စတိုင်းပြည်သူတို့ဘက်မှ ရပ်တည်ခဲ့ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က သောကြာနေ့တွင် ပြောကြားသည်။

ယုံကြည်

အိန္ဒိယနှင့်ပါလက်စတိုင်းတို့ ဆက်ဆံရေးအထူးကောင်းမွန်သည်ဟု မိမိယုံကြည်ကြောင်း အဘတ်စ်က နှစ်ရက်ကြာ အိန္ဒိယခရီးစဉ်ပြီးဆုံး၍ မြို့တော်နယူးဒေလီမှ ပြန်လည်မထွက်ခွာမီ အင်ဒီရာဂန္ဒီ နိုင်ငံတကာလေဆိပ်ရှိ အထူးဧည့်သည်များအဆောင်တွင် သတင်းထောက်များအား ပြောကြားသည်။

မိမိတို့၏ ဆွေးနွေးမှုများမှာ အလွန်ပင်အကျိုးကျေးဇူးရှိကြောင်း၊ နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုအပါအဝင် အိန္ဒိယ-ပါလက်စတိုင်း ဆက်ဆံရေးအရပ်ရပ်ကို မိမိတို့ ဆွေးနွေးခဲ့ကြောင်း အဘတ်စ်က အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့မှုကို ရည်ညွှန်းလျက်ပြောကြားသည်။

အားပေး

ပါလက်စတိုင်းလူမျိုးတို့၏ လွတ်လပ်သော နိုင်ငံတော်ထူထောင်ရန် အိန္ဒိယနိုင်ငံက အစဉ်အမြဲ ထောက်ခံအားပေးခဲ့ကြောင်း၊ ပါလက်စတိုင်း လူမျိုးတို့နှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ ရပ်တည်ချက်မှာ အရှေ့အလယ်ပိုင်းပဋိပက္ခစတင်ချိန်မှစ၍ ပြောင်းလဲမှုမရှိခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခကို တရားမျှတစွာနှင့် ငြိမ်းချမ်းမှုရှိစွာဖြင့် ဖြေရှင်းရေးဘက်မှ ရပ်တည်ခဲ့ကြောင်း၊ ပါလက်စတိုင်း ပြည်သူများအတွက် လူမှုရေးအကူအညီများကိုသာမက နိုင်ငံရေးအရ ထောက်ခံမှု ကိုပါပေးခဲ့သည့် အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း အဘတ်စ်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အီဂျစ်နိုင်ငံ လုံခြုံရေးကောင်စီဝင်ဖြစ်ရေး နီပေါထောက်ခံ

ခတ္တမန္ဒူ မေ ၂၃

အီဂျစ်နိုင်ငံက ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် ကြိုးပမ်းမှုကို နီပေါနိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း နီပေါအထက်တန်းအရာရှိတစ်ဦးက မေ ၂၀ ရက်နေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းရေးကိစ္စကို အီဂျစ်နိုင်ငံက လိုလားသည်။ ထို့အပြင် ကုလသမဂ္ဂအမြဲတမ်း လုံခြုံရေးကောင်စီ အဖွဲ့ဝင်အဖြစ်နှင့်လည်း အာဖရိကဒေသကို ကိုယ်စားပြုကာ နေရာရယူရန် လိုလားသည့်ကိစ္စမှာ ကျိုးကြောင်းဆီလျော်ကြောင်း နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရာမနတ်ပန္ဒီက ပြောကြားသည်။

သဘောတူ

နီပေါနိုင်ငံအနေဖြင့် လာမည့် ၂၀၀၇-၂၀၀၈ ခုနှစ်ကာလတွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အလှည့်ကျ အဖွဲ့ဝင်အဖြစ် ယှဉ်ပြိုင်ရယူရန်ရှိသည်ကို အီဂျစ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး အီဇတ်ဆာဒ်အယ်လ်ဆာယာဒ်က သဘောတူသည်ဟု နီပေါနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ နီပေါနိုင်ငံသို့ အလည်အပတ်ရောက်လျက်ရှိသော အီဂျစ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် ယင်းသို့ ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

ရောက်ရှိ

အီဂျစ်ကိုယ်စားလှယ် အဖွဲ့သည် နီပေါနိုင်ငံသို့ မေ ၁၉ ရက်နေ့မှစ၍ သုံးရက်ကြာ နေထိုင်လည်ပတ်ရန် ရောက်ရှိနေသည်။ အီဂျစ်နိုင်ငံသည် အာဖရိကဒေသ၌ နီပေါနိုင်ငံအတွက် သံရုံးဖွင့်လှစ်ထားသော တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ ယခုခရီးစဉ်အတွင်း အီဂျစ်တို့သည် နီပေါနိုင်ငံကို စိုက်ပျိုးရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများတွင် အကူအညီပေးရန် စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်ကိုဖြတ်၍ အီရန်-အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်းသွယ်ရေး ပါကစ္စတန်အစိုးရက ယခုနှစ်ကုန် ဆုံးဖြတ်မည်

အစ္စလမ္မာဘတ် မေ ၂၃

အီရန်နှင့်အိန္ဒိယနိုင်ငံတို့သည် ပါကစ္စတန်နိုင်ငံကို ဖြတ်သန်း၍ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန် အစီအစဉ်ရှိသည်။ အဆိုပါကိစ္စ ဆုံးဖြတ်ရေးကို ပါကစ္စတန်နိုင်ငံက ယခုနှစ်အကုန်ပိုင်းတွင် နောက်ဆုံး အတည်ပြုမည်ဟုဆိုသည်။

အမေရိကန်နိုင်ငံက အီရန်-အိန္ဒိယ ပိုက်လိုင်းကို ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရန် ပါကစ္စတန်နိုင်ငံကို ဖိအားပေးလျက်ရှိသည်။ အဆိုပါ ပိုက်လိုင်းကိစ္စကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးသတ် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် ရှော်ကက်အဇစ်က သတင်းဌာနများသို့ ကြာသပတေးနေ့က ပြောကြားသည်။

ဆုံးဖြတ်

အီရန်-အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးကိစ္စကို ဆက်လက်ဆောင်ရွက်မည်၊ မဆောင်ရွက် မည်ဆိုသောကိစ္စကို အချိန်ကျလျှင် ပါကစ္စတန်က ဆုံးဖြတ်မည်ဖြစ်သည်။ ထိုကိစ္စကို မလုပ်ပဟု ဆုံးဖြတ်လျှင် အခြားနည်းလမ်းများအဖြစ် တက်စမေးနီးယား-အာဖဂန်-ပါကစ္စတန် (တီအေပီ) ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်းနှင့် ကာတာပိုက်လိုင်း သွယ်တန်းရေး ကိစ္စများကိုလည်း စဉ်းစားဆုံးဖြတ်ရန်ရှိသည်။

ပါကစ္စတန်သည် သဘာဝဓာတ်ငွေ့တင်သွင်းရေးကိစ္စတွင် အထက်ဖော်ပြပါ နည်းလမ်းသုံးသွယ်မှ တစ်ခုခုကို ရွေးချယ် စဉ်းစားလျက်ရှိသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားသည်။

ဖိတ်ကြား

အီရန်-အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရာ၌ ပါကစ္စတန်ကို ဖြတ်၍ သွယ်တန်းရေးကိစ္စကို ဆွေးနွေးရန်အတွက် ပါကစ္စတန်ရေနံဝန်ကြီးသည် အိန္ဒိယရေနံဝန်ကြီး မာနီရှာကာအေရာကို ဇွန်လအစောပိုင်းတွင် အလည်အပတ်လာရောက်ရန် ဖိတ်ကြားထားသည်ဟု ဆိုသည်။

ပါကစ္စတန်က အိန္ဒိယနိုင်ငံကို အီရန်မှဖြစ်စေ တက်စမေးနီးယားမှဖြစ်စေ ရေနံဓာတ်ငွေ့သွယ်ယူနိုင်ရန် စဉ်းစားနိုင်ကြောင်း ကမ်းလှမ်းထားပြီးဖြစ်သည်။ ရေနံပိုက်လိုင်းကိစ္စ ဆွေးနွေးရန် ကာတာရေနံဝန်ကြီးနှင့်တက်စမေးနီးယားရေနံဝန်ကြီးတို့က ပါကစ္စတန်နိုင်ငံသို့ လာရောက်ဆွေးနွေးသွားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီရန် ရေနံဝန်ကြီးသည်လည်း အထက်ပါ ကိစ္စကို ဆွေးနွေးရန် ရှေ့လတွင် ပါကစ္စတန်နိုင်ငံသို့ လာရောက်ရန်ရှိသည်။

လက်ရှိ အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုလျှင် အီရန်-အိန္ဒိယ ရေနံပိုက်လိုင်းကိစ္စသည် ရှေ့ဆုံးမှ နေရာယူလျက်ရှိသည်ကို တွေ့နေရကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ခါရှစ်အမ်းကာဆူရီက ပြောကြားသည်။

ပြောင်းလဲ

ယခင်အခါက ပါကစ္စတန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့ အလုံအလောက်ရှိနေသဖြင့် နောင်လာမည့် အနှစ် ၂၀ မှ ၃၀ အတွင်း ဓာတ်ငွေ့တင်သွင်းရန် မလိုဟု ယူဆခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ပြည်တွင်းသုံးစွဲမှုနှုန်း မြန်ဆန်စွာ တိုးတက်လာသဖြင့် အခြေအနေမှာ ပြောင်းသွားပြီဖြစ်ကြောင်း ကာဆူရီက ဆိုသည်။

အမ်အင်အေ၊ ပီတီအိုင်။

အမြန်ရထား

မလေးရှားနိုင်ငံပိုင် ရထားကုမ္ပဏီ၏ ခရီးသည်တင် အမြန်ရထားတစ်စင်းကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံရှိ ဆက်သွယ်ရေးကုမ္ပဏီများအနက် အကြီးဆုံးဖြစ်သော ပီအယ်လ်ဒီတီကုမ္ပဏီ၏ ရပ်ဝေးဆက်သွယ်ရေး တယ်လီဖုန်းဆက်သွယ်ရေးရုံ တစ်နေရာကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ကျားကောင်ရေ ကျဆင်းလျက်ရှိ

နယူးဒေလီ မေ ၂၃

အိန္ဒိယအစိုးရက ၎င်း၏ နိုင်ငံအတွင်းရှိ ကျားကောင်ရေ စာရင်းအသေးစိတ်ကို လွန်ခဲ့သည့် လအနည်းငယ်အတွင်း ထုတ်ပြန်လိုက်ရာ အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဘီဟာပြည်နယ်တွင် ကျားကောင်ရေကျဆင်းမှု ပေါ်ထွက်လာခဲ့သည်။ တာဝန်ရှိပုဂ္ဂိုလ်များသည် ပျောက်ဆုံးနေသည့် ကျားများ စာရင်းကောက်ယူနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ကြိုးပမ်းအားထုတ်လျက်ရှိနေကြကြောင်း အိန္ဒိယ-အာရှသတင်းဌာနက ဖော်ပြသည်။

အနောက်ပိုင်းချမ်ပါရန်ခရိုင်မှ ဗာမီကီအမျိုးသားပန်းခြံက လွန်ခဲ့သည့် လအတွင်း ၎င်းတို့ကိုယ်တိုင် ကောက်ယူခဲ့သော စာရင်းဇယားအရ ကျားကောင်ရေ စိုးရိမ်ဖွယ်ကောင်းသည်အထိ ကျဆင်းနေသည်ဟု ဖော်ပြခဲ့သည်။

ဘေးမဲ့ဥယျာဉ်အတွင်းရှိသည့် ကျားအရေအတွက်မှာ အားတက်ဖွယ် မရှိကြောင်း၊ သို့ရာတွင် ယင်း စာရင်းသည်နောက်ဆုံးစာရင်းမဟုတ်သေးကြောင်း၊ မိမိတို့အနေဖြင့် စာရင်းပြန်ကောက်ရမည်ဖြစ်ကြောင်း ဒေသန္တရဘေးမဲ့တောဌာနအကြီးအကဲဖြစ်သူ ဘီအေခန်းက ပြောကြားသည်။ သို့ရာတွင် ၎င်းက စာရင်းဇယားဖြင့် ထုတ်ဖော်ပြောကြားမှုမရှိပေ။

ယင်းဘေးမဲ့တောအတွင်း ကျားကောင်ရေ ၂၀၀၃ ခုနှစ်က ၅၂ ကောင်ရှိခဲ့ရာမှ ယခုအခါ ၃၅ ကောင်သာရှိတော့သည်ဟု အခြားတရားဝင်သတင်းရပ်ကွက်များက ပြောကြားကြသည်။

ဗာမီကီဘေးမဲ့တောမှ ကျားကောင်ရေသည် လွန်ခဲ့သည့်ငါးနှစ်အတွင်း အများအပြား ကျဆင်းသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များအတွင်းက ယင်းဘေးမဲ့တောအတွင်း ခန့်မှန်းခြေအားဖြင့် ကျားကောင်ရေ ၈၀ နှင့် ကျားသစ် ၃၁ ကောင်ရှိခဲ့သည်။ တစ်ချိန်က ကျားများ၏ ဘူမိနက်သန်ဖြစ်ခဲ့သည့် အိန္ဒိယနိုင်ငံတွင် ကျားကောင်ရေ ၃၅၀၀ ခန့် ရှိခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အထိမ်းအမှတ်ရုပ်တုများ ရှန်ဟိုင်းဒေသဝန်းကျင်၌ တည်ဆောက်မည်

ရှန်ဟိုင်း မေ ၂၃

ရှန်ဟိုင်း စည်ပင်သာယာ ဒေသဝန်းကျင်၌ အနုပညာဆိုင်ရာ အထိမ်းအမှတ်ရုပ်တု ၃၀ မှ ၅၀ ကို ၂၀၁၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်မည်ဟု မကြာမီက ကျင်းပခဲ့သော ရှန်ဟိုင်း အနုပညာရုပ်တုတည်ဆောက်ရေးဆိုင်ရာ ကွန်ဖရင့်တွင် ပြောကြားသည်။

မြို့၏ လူစည်ကားရာနေရာများတွင် အဆိုပါ ရုပ်တုများကို တည်ဆောက်သွားမည့်ကိစ္စကို စည်ပင်သာယာ အုပ်ချုပ်ရေးက သဘောတူညီခဲ့သည်။ မြို့တော်တွင် အဆိုပါ ရုပ်တုတည်ဆောက်ရေး အချိန်ဇယားကို မြို့ပြစီမံကိန်းရေးဆွဲရေးအဖွဲ့က ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုပ်တုများ တည်ဆောက်ရာတွင် စည်ပင်သာယာဧရိယာများတွင် ၁၀ ခုတည်ဆောက်ပြီး နယ်နှင့် မြို့စွန်ဒေသများတွင် ၂၀ တည်ဆောက်မည်ဖြစ်သည်။

ရှန်ဟိုင်း-ပူဒေါင်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရှန်ဟိုင်းအနုပညာ ရုပ်တုပန်းခြံနှင့် အခြားထင်ရှားရာ နေရာများတွင်လည်း အဆိုပါ ရုပ်တုများကို တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်တွင် ဘိန်းနှိမ်နင်းရာ၌ ထိရောက်မှုမရှိဟုဆိုသည့် အမေရိကန်၏ ဝေဖန်ချက်ကို အာဖဂန်သမ္မတပယ်ချ

ဝါရှင်တန် မေ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကိစ္စ ဆောင်ရွက်ရာ၌ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက လိုလိုလားလားဦးဆောင်မှုမပေးဟူသော အမေရိကန်သတင်းမီဒီယာများ၏ ဝေဖန်ချက်ကို သမ္မတကာဇိုင်းက မေ ၂၁ရက်တွင် ပယ်ချလိုက်သည်။

အာဖဂန်နစ္စတန်တစ်နိုင်ငံ လုံးတွင် ဘိန်းစိုက်ပျိုးမှုကို ၃၀ ရာခိုင်နှုန်းထက် မနည်း လျှော့ချနိုင်ခဲ့သည်ဖြစ်၍ မိမိတို့ အာဖဂန်ပြည်သူများအနေဖြင့် တာဝန်ကျေခဲ့ပြီဖြစ်ကြောင်း သမ္မတကာဇိုင်းက စီအင်န်အင်န်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားခဲ့သည်။ လောလောဆယ်တွင် အာဖဂန် သမ္မတသည် အမေရိကန်၌ ရောက်ရှိနေပြီး တနင်္လာနေ့တွင် အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့်အိမ်ဖြူတော်၌ တွေ့ဆုံရန်ရှိသည်။

နှိုးဆော်

အာဖဂန် တောင်သူများသည် ၂၀၀၄ခုနှစ်က ခန့်မှန်းခြေ ဘိန်း ဧက ၅၀၀၀၀၀ စိုက်ပျိုးခဲ့ကြသည်ဟု ဆိုသည်။ ထိုတောင်သူများကို ဘိန်းမစိုက်ဘဲ အခြားလုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် အကူအညီပေးသင့်ကြောင်း သမ္မတကာဇိုင်းက တိုက်တွန်းနှိုးဆော်ထားသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့် အာဖဂန်ပြည်သူများအပေါ် အပြစ်ဖို့နေမည့်အစား ၎င်းတို့ဘဝ ရပ်တည်နိုင်ရေးအတွက် အခြားအစားထိုး အသက်မွေးမှုလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း အာဖဂန်သမ္မတကပြောကြားသည်။

ဝေဖန်

အာဖဂန်သမ္မတက မိမိတို့တာဝန်ယူထားသည့် အပိုင်းများကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကသာ လုပ်ငန်းလုပ်ရာ၌ ထိရောက်မှုနည်းပါးပြီး နှောင့်နှေးနေသည့် အပြင် စိတ်မပါ့တပါဖြင့် ဆောင်ရွက်နေကြောင်း သမ္မတကာဇိုင်းက ဝေဖန်ခဲ့သည်။

တုန်လှုပ်

အမေရိကန်စစ်ဘက်ဆိုင်ရာများက အကျဉ်းစခန်းတွင် ထိန်းသိမ်းထားသော အာဖဂန်များကို မဖွယ်မရာပြုသည့်ကိစ္စကို ကြားသိရသည့်အတွက် တုန်လှုပ်မိကြောင်း၊ ထိုအာဖဂန် အကျဉ်းသားအားလုံးကို မိမိအစိုးရက လွှဲပြောင်းထိန်းသိမ်းထားလိုကြောင်း၊ ထို့အပြင် အာဖဂန်တွင် အမေရိကန်တို့ ပြုလုပ်သော စစ်ဆင်ရေးများကိုလည်း အစိုးရအနေဖြင့် ယခုအခြေအနေထက် ပို၍ သိရှိထိန်းချုပ်လိုကြောင်း အာဖဂန်သမ္မတက ၎င်းအစိုးရ၏ သဘောထားများကို အသိပေးပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျက်စီး

အီရတ်နိုင်ငံဆာမာရာမြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို မေ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝမ်းဗိုက်နှင့် တင်ပါးရိုးဆက်နေသော အင်ဒိုနီးရှားကလေးနှစ်ဦး စင်ကာပူဆေးရုံတွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီး

စင်ကာပူ မေ ၂၃

ဝမ်းဗိုက်နှင့် တင်ပါးရိုးဆက်နေသော အင်ဒိုနီးရှားသမီးငယ်ကလေးနှစ်ဦးမှာ မေ ၂၁ ရက် ညနေပိုင်းတွင် စင်ကာပူနိုင်ငံ ဂလီနင်ဂယ်ဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်ပြီးစီးသွားပြီဖြစ်သည်။

မရပ်မနား

သမီးငယ်ကလေးများကို၁၅ လသားအရွယ်တွင် ခွဲစိတ်ခြင်း ဖြစ်သည်။ ဆရာဝန် ၁၅ ဦးတို့က ၁၀ နာရီကြာ မရပ်မနား ခွဲစိတ်ခဲ့ရသည်။ ထိုခွဲစိတ်မှုကို ဒေသစံတော်ချိန် စနေနေ့ နံနက် ၈ နာရီက စတင်ခဲ့ခြင်း ဖြစ်သည်။

စိုးရိမ်နေရဆဲ

ခွဲစိတ်မှု အောင်မြင်ကြောင်းကို ဂလီနင်ဂယ် ဆေးရုံ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဆရာဝန်များက အသိပေးခဲ့သည်။ ယခုအခါ အထူးကြပ်မတ်အရေးပေါ်လူနာခန်း(အိုင်စီယူ)တွင် သမီးငယ် ကလေးနှစ်ဦးကို စောင့်ရှောက်မှု ပေးထားသည်။ ကလေးငယ်များ၏ အခြေအနေမှာ စိတ်ချရသောအနေအထားသို့ မရောက်သေးဘဲ စိုးရိမ်နေရဆဲ ဖြစ်သည်ဟု ဆိုသည်။ ကလေးငယ်ကလေးများ ဘဝကိုသီးခြားစီရပ်တည်နိုင်ရန်အတွက် ခွဲစိတ်မှု အောင်မြင်စေရန် မျှော်လင့်စောင့်စားခဲ့ရသည်မှာ တစ်နှစ်ကျော်ပင်ကြာခဲ့ပြီဖြစ်ကြောင်း မိဘနှစ်ပါးကဆင်ဟွာသတင်းဌာနကို ပြောကြားခဲ့သည်။

ခွဲစိတ်မှုခံယူမည့် ကလေးငယ်နှစ်ဦးမှာ ဖေဖော်ဝါရီလကတည်းက အင်ဒိုနီးရှားနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့သည်။ လာမည့်သီတင်းသုံးပတ် သို့မဟုတ် ငါးပတ်အတွင်း ဌာနေသို့ ပြန်နိုင်ကြမည် ဖြစ်ကြောင်း မိဘနှစ်ပါးက ပြောကြားသည်။

ကိုယ်ခန္ဓာချင်းဆက်နေသောကလေးများကို စင်ကာပူဆေးရုံတွင် ခွဲစိတ်လာခဲ့သည်မှာ ယခုသမီးငယ်ကလေးနှစ်ဦးနှင့်ဆိုလျှင် လေးစုံ ရှိသွားပြီဖြစ်သည်။

လွန်ခဲ့သော ၂၀၀၁ ခုနှစ် ဧပြီလအတွင်းက ၁၁ လသားအရွယ် နီပေါကလေးငယ်နှစ်ဦးကို စင်ကာပူဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့သည်။ ထိုကလေးငယ် နှစ်ဦးမှာ ဦးခေါင်းချင်းဆက်နေပြီး ၎င်းတို့ကို ခွဲစိတ်ရန်အတွက် လေးရက်ကြာသောကြောင့် မာရသွန် ခွဲစိတ်မှုဟု ဆိုရပေမည်။

အီရန်နိုင်ငံမှလာသော ၁၉နှစ်အရွယ်ရှိ ဦးခေါင်းချင်းဆက်နေသည့် အမြွှာညီအစ်မနှစ်ဦးကို ၂၀၀၃ခုနှစ်ဇူလိုင်လတွင် ရာဖယ်ဆေးရုံ၌ ခွဲစိတ်ခဲ့ကြသည်။ ထိုအမြွှာမှာ နီပေါကလေးများကဲ့သို့ ကံမကောင်းခဲ့ရှာပါ။ ၎င်းတို့နှစ်ဦးကို ၅၂နာရီကြာအောင် ပြုလုပ်ခဲ့ရသော ခွဲစိတ်မှုတွင် သွေးအမြောက်အမြား ဆုံးရှုံးရသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ကျွမ်းကျင်သူ ဆရာဝန် ၁၈ ဦးနှင့် လက်ထောက် ၁၀၀ တို့ ခွဲစိတ်ရာ၌ပါဝင်ခဲ့ကြသည်။

အထက်ပါ ခွဲစိတ်မှုအပြီး သီတင်းနှစ်ပတ်အကြာတွင် ကိုယ်အောက်ပိုင်းချင်းဆက်နေသော လေးလအရွယ်ကိုရီးယားသမီးငယ်လေးနှစ်ဦးကိုအထက်ပါ ဆေးရုံ၌ပင်အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြောက်ဘက်တွင်တိုက်ခိုက်မှုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

တီကရစ်(အီရတ်) မေ ၂၃

အီရတ်စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ ဘေဂျီမြို့မှ ဖြတ်သန်းမောင်းနှင်လာစဉ်ပြောက်ကျားများက စနေနေ့စောစောပိုင်းက တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရ

အီရတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော် လိုက်ပါလာသည့် စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခုသည် မိုဆူးလ်မြို့မှ ဘဂ္ဂဒက်မြို့တော်သို့ လာရာလမ်းဘေးဘေဂျီမြို့လယ်တွင် ပြောက်ကျားများက တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်-အီရတ် ဆက်သွယ်ရေးရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အီရတ် စစ်သုံးယာဉ်နှစ်စီးမီးလောင်ကျွမ်းပျက်စီးခဲ့ပြီးအီရတ်တပ်ဖွဲ့ဝင်များသည် ရဲစခန်းနှင့် စစ်ဘက်အခြေစိုက်စခန်းများဆီသို့ ထွက်ပြေးခဲ့ကြသည်ဟု ကြေညာချက်တွင် ပါရှိသည်။

အီရတ်တပ်ဖွဲ့ဝင်များက အဆိုပါမြို့မှ လူစုပြီး ဆုတ်ခွာကြကြောင်း၊ သို့ရာတွင် ၎င်းတို့ကမြို့တွင်းရှိ လမ်းမများပေါ်တွင် နံနက် ၆ နာရီခွဲခန့်၌ တွေ့ရာမြင်ရာ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးခဲ့ပြီးအခြားငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အဆိုပါ မော်တော်ယာဉ်တန်းသည် ဘဂ္ဂဒက်မြောက်ပိုင်းကီလိုမီတာ ၁၀၀ အကွာရှိဆမ်မာရာမြို့တွင်ချောင်းမြောင်းပစ်ခံရသည်။ သို့ရာတွင် ယင်းမော်တော်ယာဉ်ပေါ် လိုက်ပါလာသည့် အီရတ် တပ်ဖွဲ့ဝင်များသည် အခြားပြောက်ကျားအုပ်စုနှင့် တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားပြီး ဘဂ္ဂဒက်သို့ ဆက်လက်မောင်းနှင်သွားကြသည်။

ဆမ်မာရာတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုကြောင့် အရပ်သား အများအပြားသေဆုံးကြောင်း၊ သို့ရာတွင် အီရတ်တပ်ဖွဲ့ဝင် သေဆုံးမှု ရှိ၊ မရှိကို ကွဲကွဲပြားပြား မသိရသေးဟု ယင်းကြေညာချက်တွင် ထပ်လောင်းဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၃ ရက်က အီရတ်နိုင်ငံ တပ်ဖ်ခါမာတူမြို့တွင် ကားဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်ဦးရေ ၁၆၀၀ ကျော် အီရတ်နိုင်ငံတွင် သေဆုံး

ဝါရှင်တန် မေ ၂၃

၂၀၀၃ ခုနှစ် မတ်လက အီရတ်စစ်ပွဲစတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းဦးရေသည် ၁၆၃၄ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က တနင်္လာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

ထိခိုက်ဒဏ်ရာရ

တနင်္လာနေ့အထိ အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၂၄၈ဦးဖြစ်ပြီး တပ်ဖွဲ့ဝင် ၃၈၆ဦးမှာ တိုက်ခိုက်မှုမဟုတ်သည့် အခြားအကြောင်းများကြောင့် သေဆုံးခြင်း ဖြစ်သည်။ တပ်ဖွဲ့ဝင် ၁၂၅၆၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ယင်းအနက်မှ ထက်ဝက်ကျော်သည် ၇၂ နာရီအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြသည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် အီရတ်နိုင်ငံရှိ အဓိကတိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဟု ကြေညာခဲ့ပြီးသည့်နောက် သေဆုံးသည့် တပ်ဖွဲ့ဝင်ဦးရေသည် ၁၄၈၀ ဖြစ်ပြီး ၁၃၉ ဦးသည် မတ်လ ၁၉ရက်နှင့် ၂၀၀၃ ခုနှစ် ဧပြီ ၃၀ ရက်ကာလအတွင်း သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

သေဆုံး

အမေရိကန်စစ်ဘက်၏ စစ်ဆင်ရေးလှုပ်ရှားမှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၈၆ ဦး သေဆုံးခဲ့သည်။ ၎င်းတို့အနက်မှ တပ်ဖွဲ့ဝင် ၁၄၃ ဦး အာဖဂန်နစ္စတန် နိုင်ငံအတွင်းနှင့် ပြင်ပတွင် သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင် ၄၃ ဦး အခြားနေရာများတွင် သေဆုံးခဲ့သည်။ တပ်ဖွဲ့ဝင် ၇၄ ဦး တိုက်ခိုက်မှုကြောင့် သေဆုံးပြီး တပ်ဖွဲ့ဝင် ၁၁၂ ဦးသည် တိုက်ခိုက်မှု မဟုတ်သော အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာ ရရှိသူမှာ ၃၁၁ ဦး ဖြစ်သည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် တပ်ဖွဲ့ဝင် သေဆုံးသူများပြားသဖြင့် အမေရိကန်ကြည်းတပ်နှင့် မရိန်းတပ်ဖွဲ့များအနေဖြင့်တပ်ဖွဲ့ဝင်စုဆောင်းရေး ရည်မှန်းချက် ယခုနှစ်အတွင်း ဖြည့်ဆည်းပေးရန် ခက်ခဲမှုနှင့် ရင်ဆိုင်နေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစင်ရွာမှ အရုဏ်ဦး

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

အစင်ရွာ၏ အရှေ့ဘက်အရပ်မှ ရှေးဦးစွာ ထွက်ပေါ်လာသည့် အရုဏ်ဦး၏ လင်းရောင်ခြည်များက အစင်ရွာလေးကို နံနက်ခင်းမှာ လှပလန်းဆန်းစေပါသည်။ ထိုနည်းတူ အစင်ကျေးရွာမှာ ပြုလုပ်နေကြသည့် ကုသိုလ်ကောင်းမှု များသည်လည်း အရုဏ်ဦး၏ လင်းရောင်ခြည်များပမာပင် ဖြစ်သည်။ အစင်ကျေးရွာတွင် မတ်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့ အထိ ပညာရေးနှင့်ကျန်းမာရေး ကုသိုလ်ပြုလုပ်ငန်းနှစ်ရပ်ကို ယှဉ်တွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းက အစင်ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်များကို စေတနာရှင် ဦးသန်းရှိန်၏ အလုပ်စခန်းတွင် မတ်လ ၂၂ ရက်နေ့လယ်ပိုင်းက အခမ်းအနားဖြင့် ပေးလှူခဲ့ပါသည်။ အသင်းအနေဖြင့် ကျေးရွာလူထုအတွက် မျက်မှန်များပါ ပေးလှူခဲ့ရာ အလှူရှင်စေတနာရှင် ဦးသန်းရှိန်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မြင့်တို့က လက်ခံကြပါသည်။ သုတရသစုံ လုံးချင်းစာအုပ်များ၊ မဂ္ဂဇင်းများနှင့် ဂျာနယ် ပေါင်းစုံ ၆၀၀ ကျော်ကို ပေးလှူခဲ့ပါသည်။ ထို့အပြင် မျက်မှန် အလက်ပေါင်း ၅၂၂ လက်နှင့် မျက်ကပ်မှန် ၇၈ စုံကိုလည်း ပေးလှူခဲ့ပါသည်။ ရပ်ရွာလူထု ပညာဗဟုသုတ တိုးပွားရေးအတွက် စာအုပ်များကိုလည်းကောင်း၊ စာဖတ်ရန် မျက်စိမှုန်နေသူများအတွက် အမြင်လင်းရန် မျက်မှန်နှင့် မျက်ကပ်မှန်များကိုလည်းကောင်း ယှဉ်တွဲပေးလှူရသည်မှာ အထူးပင်လိုက်ဖက်ပြီး အကျိုးရှိထူးခြားပါသည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးများ စောင့်ရှောက်ရေးအသင်းတို့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ ထို့အပြင် ခန်းမအပြင်ဘက်တွင် မျက်စိခွဲစိတ်ကုသ၍ မျက်ကပ်မှန်ထည့်ရန် စောင့်ဆိုင်းနေသူများ၊ မျက်စိစစ်ဆေးမျက်မှန်ရရှိရန် စောင့်ဆိုင်းနေသူများကလည်း စာအုပ်စာတမ်းနှင့် မျက်မှန်ပေးလှူသည့် အခမ်းအနားမှ ပြောကြားချက်များကို ပါဝင်နားထောင်ကြသည်။ ကျွန်တော်က စာကြည့်တိုက်များသည် တိုင်းရင်းသားပြည်သူအပေါင်းအား နေရောင်လရောင်ပမာ အသိပညာအလင်းရောင်ပေးနိုင်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး နိုင်ငံတစ်ဝန်းရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရန် ဆောင်ရွက်မှုကို ကျွန်တော်တို့အသင်းက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပြီး ဤသို့စာအုပ်စာတမ်းများ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ စာဖတ်ဝါသနာပါကာ စာပေနှင့်မွေ့လျော်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်က သားဖွားခန်းအနီးရှိ စာကြည့်တိုက်ဖွင့်လှစ်မည့် တိုက်အိမ်တစ်လုံးကို လိုက်လံပြသ၍ စာကြည့်တိုက်အောင်မြင်ရေးအတွက် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောကြားပါသည်။

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အစင်ကျေးရွာသို့ ကျွန်တော်တို့ မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် မျက်မှန်များကို ပေးလှူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့သည် ဆရာဝန်ကြီးများနှင့် ပူးပေါင်းပြီး မြတ်သူရကုမ္ပဏီလီမိတက်ပိုင်ရှင်၊ အစင်ကျေးရွာသား ဦးသန်းရှိန်

သွားနှင့် ခံတွင်းကုသခန်းတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့အား တွေ့ရစဉ်။

၏ ဖိတ်ကြားချက်အရ အစင်ကျေးရွာသို့ မော်တော်ယာဉ်နှစ်စီးဖြင့် ၁၉-၃-၂၀၀၅ ရက်နေ့ နံနက်စောစော၌ တပျော်တပါး ခရီးထွက်ခဲ့ကြသည်။ ၂၀-၃-၂၀၀၅ ရက်နေ့မှ ၂၂-၃-၂၀၀၅ ရက်နေ့အထိ လိုက်ပါလာသည့် ဆရာဝန်ကြီး ၃၀ တို့က တစ်နေ့လုံး လာရောက်ပြသကြသည့် ဒေသခံပြည်သူတို့အား ဆေးဝါးကုသပေးကြသည်။ ခွဲစိတ်ခန်းနှစ်ခန်း ပြင်ဆင်ပြီး တစ်ခန်းတွင် မျက်စိများခွဲစိတ်ကုသ၍ မျက်ကပ်မှန်များ တပ်ဆင်ပေးသည်။ တစ်ခန်းတွင် အထွေထွေခွဲစိတ်ကုသမှုများကို ခွဲစိတ်ကုသ ခုတင်သုံးခုတွင် တစ်ပြိုင်နက် ပြုလုပ်ပေးသည်။ ကျွန်တော်ဝင်ရောက်လေ့လာရာ ဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း)က အမျိုးသမီးကြီးတစ်ဦး၏ ဝမ်းဗိုက်ကို ခွဲစိတ်ကုသရင်း အေးအေးဆေးဆေးပြောဆိုရှင်းပြကာ ဝမ်းဗိုက်အတွင်းမှ ဘောလုံးကြီးကို ထုတ်ပေးသည်။ ပါမောက္ခဒေါက်တာမြတ်သူရ၊ ဆရာဝန်ကြီး ဒေါက်တာခင်မော်ဦးနှင့်အဖွဲ့တို့က အခြားခွဲစိတ်ခုတင်တစ်ခုပေါ်တွင် အူကျသူများကို တစ်ယောက်ပြီးတစ်ယောက် မမောနိုင်၊ မပန်းနိုင် ခွဲစိတ်ကုသပေးနေကြသည်။ အခြားခွဲစိတ် ခုတင်တစ်လုံးတွင် ဒေါက်တာမျိုးထွန်းနှင့် ဒေါက်တာသက္ကတို့က နူတ်ခမ်းကွဲနေသောကလေးများကို တယုတယ ခွဲစိတ်ပေးနေကြသည်။ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာထင်မြတ်နှင့် အဖွဲ့ကလည်း ဤခွဲစိတ်ခုတင်သုံးလုံးတွင် လှည့်ပတ်ပြီး အလုပ်များနေကြသည်။ မျက်စိခွဲစိတ်ခန်းတွင် ဒေါက်တာမျိုးခိုင်နှင့် ဒေါက်တာရဲနိုင်တို့က မျက်စိများကို အေးဆေးစွာ ခွဲစိတ်ကုသပြီး မျက်ကပ်မှန်များတပ်ဆင်ပေးနေကြသည်။ ဤသို့ တစ်နေရာတည်းတွင် ခွဲစိတ်ကုသမှုမျိုးစုံကို ကြည့်ရှုလေ့လာရသည်မှာ ကျွန်တော်တို့အတွက် များစွာ ဗဟုသုတရရှိသည်။ သမီး မို့မို့စိုးက ကင်မရာတစ်လုံးဖြင့် မှတ်တမ်းတင်ပြီး လူနာများကို ဝင်ရောက်ဖေးမကူညီကာ အလုပ်များနေပါသည်။

ပြင်ပလူနာ ကုသခန်းများကိုလည်း အနီးရှိ မူလတန်းကျောင်းတွင် ဖွင့်လှစ်ထားပါသည်။ သွားနှင့်ခံတွင်း ကုသခန်းတွင် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာသိန်းကြူတို့အဖွဲ့က သွားများပြုပြင်ပေးခြင်း၊ နုတ်ပေးခြင်းများ ပြုလုပ်ပေးကြသည်။ အထွေထွေရောဂါကုသခန်းတွင် ဆရာကြီး ဒေါက်တာလှမြင့်ကိုယ်တိုင် ထိုင်၍ စိတ်ရှည်လက်ရှည် စမ်းသပ်ကုသပေးသည်။ ကလေးရောဂါ ကုသခန်းတွင် ဒေါက်တာစောအောင်မြသိန်းက ကလေးလူနာများကို ချော့မော့ပြီး ကုသပေးနေသည်မှာ ကြည်နူးဖွယ်ရာကောင်းလှသည်။ အရေပြားရောဂါကုသခန်းတွင် ဒေါက်တာစောဝါးထူးနှင့်အဖွဲ့က အရေပြားသန့်ရှင်းလှပရေးအတွက် အကြံပေးရင်း ကုသပေးနေသည်။ မျက်စိမျက်မှန် စမ်းသပ်ပေးသည့်အခန်းတွင် ဦးသန်းစိုးနှင့် ဇနီးဒေါ်သန်းသန်းတို့အဖွဲ့က ပွဲလာသည့်ပမာ များပြားလှသော ရွာသူ၊ရွာသားများကို မျက်စိများ စမ်းသပ်စစ်ဆေးပေးပြီး လိုက်ဖက်သည့် ပါဝါမှန်များသွေးကာ မျက်မှန်များကိုတပ်ဆင်ပေးကြသည်။ ကျွန်တော်တို့အသင်း၏ ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး ညီဖြူ (ငြိမ်း)က အနီးကပ်ကြည့်ရှု အားပေးနေသည်။ မျက်မှန်များကိုယ်စီတပ်၍ စမ်းသပ်ခန်းမှ ထွက်လာသော ရွာသူ၊ ရွာသားများကိုကြည့်ပြီး ကျွန်တော်တို့တစ်တွေ ကြည်နူးဝမ်းမြောက်နေကြသည်။ ဤကဲ့သို့ ဆရာဝန်ကြီးများက ရွာပေါင်းစုံမှ ကျေးရွာသူ၊ ကျေးရွာသား ၃၀၀၀ ကျော်ကို သုံးရက်တိုင်တိုင် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သလို ခွဲစိတ်ကုသပေးခြင်းများကို မမောနိုင် မပန်းနိုင် စေတနာထားကာ ဆောင်ရွက်ပေးနေကြသည်ကိုကြည့်ပြီး ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို ချီးကျူးကျေးဇူးတင်မိပါသည်။

အဖွဲ့ဝင် ၄၀ နီးပါးမျှရှိသည့် ကျွန်တော်တို့အဖွဲ့နှင့် ဆေးကုသသည့် ပရိသတ်ကို နေ့ရောညပါ ဟင်းမျိုးစုံဖြင့် တာဝန်ခံ ချက်ပြုတ်ကျွေးမွေးညှေ့ခံကြသည့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်၏ ဇနီးနှင့်အဖွဲ့၊ ကျွန်တော်တို့ နေထိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့်အဖွဲ့၊ လူနာခန်းများတွင် ကူညီစောင့်ရှောက်ပေးသည့်အဖွဲ့ စသည်တို့၏ စေတနာကို ကျွန်တော်တို့အားလုံး သတိရကျေးဇူးတင်နေမိပါသည်။

ဤကဲ့သို့ အစင်ကျေးရွာ၏ ကျန်းမာရေးနှင့် ပညာရေး ခရီးစဉ် ဖြစ်မြောက်အောင် အစအလယ်အဆုံး အားလုံးကုန်ကျစရိတ် ငွေကျပ်သိန်းတစ်ရာကျော် ကုသိုလ်ပြုကျခံပေးသည့် အလှူရှင် ဦးသန်းရှိန်နှင့် ဇနီး ဒေါ်စန်းစန်းဝင်းတို့ကိုလည်း အထူးပင်ကျေးဇူးတင်ဂုဏ်ပြုမိပါသည်။ ဦးသန်းရှိန်သည် မာန်မာနမရှိ၊ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ပြီး ဤသို့ အများအကျိုးဆောင်ကာ ကျွေးမွေးပြုစုရသည်ကို ဝမ်းမြောက်ပီတိ ဖြစ်နေသူဖြစ်ပါသည်။ **အလှူအတန်းမျိုးစုံကို ကျွန်တော် တွေ့မြင်ဖူးပါသည်။ ယခုကဲ့သို့ ကျန်းမာရေးနှင့် ပညာရေး အလှူအတန်းမျိုးကို အတူယှဉ်တွဲ၍ မကြုံဖူး မတွေ့ဖူးသေးပါ။ ဤသို့သော ငွေအားတတ်နိုင်သူက ငွေအားဖြင့်လည်းကောင်း၊ ပညာအားတတ်နိုင်သူက ပညာအားဖြင့်လည်းကောင်း၊ လုပ်အားတတ်နိုင်သူက လုပ်အားဖြင့်လည်းကောင်း အလှူဒါနမျိုးမြန်မာနိုင်ငံတစ်ဝန် လုံးတွင် ပိုမိုဖြစ်ထွန်း ပေါ်ပေါက်ပါစေဟု ဆုတောင်း ဆန္ဒပြုမိပါသည်။ ဤသို့သော လူမှုရေးအလှူဒါနသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် လူမှုရေးဦးတည်ချက် (၄)ရပ်ကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းမည်သကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။** မြန်မာတို့၏ စေတနာဒါနစွမ်းအားကိုလည်း ဖော်ထုတ် မြင့်တင်ပေးနိုင်ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကိုလည်း ပိုမိုကျယ်ပြန့်ခိုင်မြဲစေပါသည်။

မွန်ပြည်နယ် အစင်ကျေးရွာ၏ အရုဏ်ဦးမှ လင်းရောင်ခြည်များ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ထွန်းလင်းပါစေဟု ဆန္ဒပြုမိပါသည်။ ။

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများအား သန့်ရှင်းသပ်ရပ်စေရေး၊ ခြင်ယင်ပေါက်ပွားမှု ကင်းရှင်းပပျောက်ရေးအတွက် ဈေးတွင်းမှထွက်ရှိသော အမှိုက်သရိုက်နှင့် အညစ်အကြေးများကို နေ့စဉ်သိမ်းဆည်းစွန့်ပစ်ခြင်း၊ ရေမြောင်းများအတွင်း ရေပုပ်ရေဆိုးသန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၂ ရက်က မြို့မဈေးနှင့် ရွှေတည်ဈေးတို့တွင် အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် ဝန်ထမ်းများက ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း(၄၀) ဖြစ်သည်။

လိပ်မျိုးများရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/ ၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါ မျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်(၃၀)မှ(၅၀)အထိကြာမြင့်ပြီး အရွယ်ရောက်လိပ်ကြီးတစ်ကောင် ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် (၇)မျိုးရှိရာ မြန်မာနိုင်ငံတွင် (၅)မျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာ ရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိ ပိုက်များ၌ လိပ်များ လွတ်မြောက်စေနိုင်သောကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ ရေပြင်သို့မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊သတ်ဖြတ်ခြင်း၊အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ရောင်းချခြင်း၊လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်း မပြုလုပ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်များကိုလိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Xu Rongkai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့်အတူ ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာ ရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဆွေးနွေး

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

လေ့လာကြည့်ရှု

မေ ၂၁ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၂/၂၀၀၅)မှ သင်တန်းသား၊ သင်တန်းသူများ အမျိုးသားပြတိုက်တွင် လေ့လာကြည့်ရှုကြစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုအဖြစ် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင် တက်ရောက်အားပေး ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် သစ္စာလမ်းဆုံရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်လှရွှေတို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု၊ ကာကွယ်ကုသမှုနှင့်ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အတွင်းရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက် မြင်သာ(၁)လမ်းနှင့် (၂)လမ်းတို့၌ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ရေတွင်းရေကန်၊ ရေစည်များအတွင်း ဆေးခတ်ခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်း၊ ပညာပေးဟောပြောခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်သည့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ ပညာသင်စရိတ်ထောက်ပံ့မှုနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို မေ ၁၄ရက် ညနေ ၃နာရီတွင် သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်နှင့် အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့မှ အသက်(၈၅)နှစ်နှင့် အထက် အဘိုးအဘွား ၁၅ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၄၈၀၀တန်ဖိုးရှိ အာဟာရများ၊ ဆေးနှင့်ငွေသားများကို လှူဒါန်းကြပြီး အခြေခံပညာမူလတန်းအဆင့် ၅၀၊ အလယ်တန်းအဆင့် ၂၅ဦး၊ အထက်တန်းအဆင့် ၂၅ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၀တို့အား ငွေကျပ် ၁၁၇၅၀၀တန်ဖိုးရှိ စာအုပ်များကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တွဲဖက် အတွင်းရေးမှူး ဒေါက်တာခင်နွဲ့ဌေးက အသင်း၏ လစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အတွင်းရေးမှူး ဒေါက်တာခင်စောဝင်းက မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်နိုင်မှုများ၊ အဖွဲ့ဝင် ဒေါ်ကြည်မြင့်က စိတ်ကျန်းမာရေး ကိစ္စရပ်များကို ဟောပြောကြသည်။ ထို့ပြင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တိုင်းရင်းဆေးဆရာ ဦးစောယုသန်းက လူနာများအား ဆေးဝါးကုသပေးသည်။

(သတင်းစဉ်)

ဧည့်လမ်းညွှန်အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်လျက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၃၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရီးသွားကုမ္ပဏီများမှလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သော ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ်(၃၄)သို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၀၂ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)

အကျိုးဆောင် ဦးညွန့်ဝေနှင့် အဖွဲ့က အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၁၄၂၀၀၀ ကို ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၄

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ သွားလာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံး အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ-ရန်ကုန်(၂ည/၃ရက်)ခရီးစဉ်များကို အပတ်စဉ်သောကြာနေ့တိုင်း အားလပ်ရက်များတွင် သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အထူးဈေးနှုန်းဖြင့် ပထမဆုံးခရီးစဉ်ကို လာမည့် ဇွန် ၃ရက် မွန်းလွဲ ၂နာရီမှစ၍ ရန်ကုန်မှထွက်ခွာပြီး ချောင်းသာ၊ ငွေဆောင်မှ ဇွန် ၅ရက်နံနက် ၁၁နာရီတွင် ပြန်လည်ထွက်ခွာပေးမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်-ပဲခူး-မိုးယွန်းကြီးအင်း-ရန်ကုန်(၁ည/၂ရက်) ခရီးစဉ်ကိုလည်း ဆက်လက်စီစဉ်ဆောင်ရွက်ပေးနေရာ ရက်တိုအားလပ်ရက်များတွင် ရန်ကုန်မြို့မှ အစုအဖွဲ့လိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက်နိုင်ကြောင်းနှင့် အလားတူ ပုံမှန်ခရီးစဉ်များကိုလည်း အထူးဈေးနှုန်းများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇-၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

<u>လိုက်နာရမည့်အချက်များ</u>

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်

ရန်ကုန် မေ ၂၄

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ရက် နံနက် ၈နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ကောင်စီဝင်များ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်နှင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက် ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်က ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ရဲတပ်ဖွဲ့၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များရှင်းလင်းမှာကြားပြီး အစည်းအဝေးကိုအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

(သတင်းစဉ်)

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ဇနီးဒေါ်မြမြတို့အား အမှူးထား၍ ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ ဇနီးဒေါ်ခင်စန်းရီနှင့် အဖွဲ့ဝင်များဦးဆောင်၍ မေ ၂၁ရက်က ကျိုက်လတ်မြို့နယ် ရပ်ကွက်/ကျေးရွာများမှ မောင်ရင်လောင်း ၂၀၇ပါးတို့အား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ပြီး ပင့်သံဃာ ၃၃ပါးတို့အား ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ကျိုက်လတ်မြို့ (၇)လမ်းရှိ တိလောကမာရဇိန် ဘုရားကြီးတန်ဆောင်း၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

● နိုင်ငံတော်အစိုးရမှ

အောဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်စိတ်မှူးအဆင့်ရှိ လင်းမောင်တို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၂၁) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၄၂တောင့်တို့ဖြင့်လည်းကောင်း၊ အက်စ်ယူအာရ်အေတောတွင်း လက်နက်ကိုင်အဖွဲ့မှ ဆက်ကြေးနှင့်ရိက္ခာတာဝန်ခံ စိုင်းဇောထ၊ တပ်သား စိုင်းသီဟ၊ စိုင်းအောင်၊ ဇောနတို့သည် အေကေ (၄၇)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၂၀တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၃၆၂)မှ တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းပန်ဆိုင်း၊ တပ်သား စိုင်းအောင်နှင့် စိုင်းငွေတို့သည် အေကေ(၄၇)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်နှစ်တောင့်၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်လားနှင့် ရင်း(၃၆၈)မှ တပ်သားစိုင်းလုံတို့သည်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ထန်တီရန်နှင့် ဆွေးနေတလွန်း၊ ဇိုမီး တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား တိမ်ခန့်ဒါတို့သည်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့၊ တပ်မဟာ(၄)၊ ရင်း(၁၀)မှ တပ်ကြပ်ကြီးအဆင့်ရှိ နော်နော်၊ တပ်သား စောအဲဖိုး၊ စောသဒါး၊ စောအယ်ဖိုး၊ စောမေထူးနှင့် စောဘေးတို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်သေနတ် နှစ်လက်၊ အမ်အေ(၁) သေနတ် တစ်လက်၊ ရိုင်ဖယ်သေနတ် တစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၆၅ တောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ မိုင်း သုံးလုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ ရင်း(၁၁)မှ ဒုတပ်စိတ်မှူးအဆင့်ရှိ ထားနေမိုး၊ တပ်သား စောဟဲလေ၊ စောဖိုးဒါး၊ စောကလူးနှင့် စောထွန်းလင်းတို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ တစ်လုံးထိုးခါးချိုးသေနတ် တစ်လက်၊ ကျည်အိမ် ငါးခု၊ ကျည်မျိုးစုံ ၁၉၁တောင့်၊ လက်ပစ်ဗုံး နှစ်လုံးတို့ဖြင့်လည်းကောင်း၊ ဗကပတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိပေါက်စ၊ တပ်သားကျော်မင်းနှင့် ဇော်သိန်းတို့သည်လည်းကောင်း။

တောင်ပိုင်းတိုင်း

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇)၊ ရင်း (၁၉)မှ ဖဒိုစောဝီလျံ၊ ဒုတပ်ကြပ်အဆင့်ရှိ စောစိုးမိုး၊ တပ်သား စောဘလဲ၊ ခွန်အောင်ဝင်း၊ စောဆာမူး၊ စောအဘီး၊ စောအဲအဲ၊ တပ်မဟာ(၂)၊ ရင်း(၅)မှ တပ်ကြပ်အဆင့်ရှိ စောအယ်မူး၊ ဒုတပ်ကြပ်အဆင့်ရှိ စောအယ်ကော်စေး၊ တပ်သား စောအယ်ကော်ထူး၊ စောထူးကာ၊ စောဆေးအောင်၊ စောအောင်ထူး၊ စိုးလွင်တို့သည် ပွိုင့်-၃၈သေနတ်တစ်လက်၊ ကာဘိုင်နှစ်လက်၊ အေအာရ်(၁၅)သေနတ်တစ်လက်၊ ကိုးလုံးထိုးသေနတ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၅၇တောင့်၊ လက်ပစ်ဗုံးနှစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၂)၊ ရင်း(၆)မှ တပ်သား ဟဲဆေးထူးနှင့် မှန်းဇာမိုးတို့သည်လည်းကောင်း၊ တပ်မဟာ(၂) ဌာနချုပ်မှ တပ်ကြပ်ကြီးအဆင့်ရှိ စောဖဘိုနှင့် တပ်သားစောဟာဘီရာတို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ(၄၇)မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကျည်အိမ် နှစ်ခုကျည် ၇၂တောင့်တို့ဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်း

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့တပ်မဟာ(၆)၊ ရင်း(၁၇)မှ ဗိုလ်ကြီးအဆင့်ရှိ စောထူးကလယ်သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၇၉)လောင်ချာတစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည်မျိုးစုံ ၁၅တောင့်၊ ဖုံးသီးသုံးလုံး၊ လက်ပစ်ဗုံးနှစ်လုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ အောဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ သိန်းလွင်သည်လည်းကောင်း၊ တပ်မဟာ(၆)ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်သား စောအယ်လ်ထူးနှင့် လွင်ဦးတို့သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်သုံးလက်၊ ကျည်အိမ်သုံးခု၊ ကျည် ၁၂၀တောင့်၊ လမ်းလျှောက် စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

ပံ့ပိုးဖြည့်ဆည်း

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၅၀ တို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်း သိရသည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများကို ရှင်းလင်း၍ အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ သိလိုသည်များကို ရှင်းလင်းပြောကြားသည်။

ဖျော်ဖြေ

ဆက်လက်၍ အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အသံလွှင့်စတူဒီယိုခန်းမ(ဒီ)၌ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖြင့် တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာစောင်းတူရိယာ တီးခတ်၍လည်းကောင်း ဖျော်ဖြေကြသည်။

ထို့နောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တူနှစ်သွယ် နှစ်ပါးသွားအကဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုလေ့လာကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံ

ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီး ခင်မောင်လေးအား လည်းကောင်း၊ ညနေ ၄နာရီ မိနစ် ၄၀တွင် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအားလည်းကောင်း တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါ အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက်သို့လည်း သွားရောက်လေ့လာကြသည်။

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်

ရန်ကုန် မေ ၂၄

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး၊ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပါသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုန်သုံလေအားနည်းနေပါသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၅ရက်နေ့ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင်တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်မည်။

✻ မွန်ပြည်နယ်မှ

အရန်အဖွဲ့ဝင် ဒေါ်သီတာအောင်မြင့်နှင့် ဒေါ်အေးအေးကြူတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၅၀၀ တက်ရောက်၍ တက်ရောက်မှု ရာခိုင်နှုန်း ၁၀၀ ရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်း ကြေညာသည်။

ထို့နောက်သဘာပတိ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်က လှူဒါန်းငွေကျပ်သိန်း ၅၀နှင့် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ အလှူရှင်ရှစ်ဦးတို့က လှူဒါန်းငွေကျပ် ၃၈သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၈၈သိန်းတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မွန်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က လက်ခံရယူပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မွန်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးတင်လှိုင်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ ဗိုလ်မှူးကြီးစိုးပိုင်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးအောင်ခင်ကျော်(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ ဗိုလ်မှူးလှမျိုး(ငြိမ်း)နှင့် ဗိုလ်ကြီးသက်ဦးလွင်(ငြိမ်း)တို့က တင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) သို့တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်ကို ဆွေးနွေးတင်ပြကြရာ ဗိုလ်ကြီးသက်အောင်(ငြိမ်း)က **"အမျိုးသား နိုင်ငံရေးကဏ္ဍ"**ကို လည်းကောင်း၊ ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)က **"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး"** ကဏ္ဍကို လည်းကောင်း၊ ဗိုလ်ကြီးခင်မောင်ရွှေ(ငြိမ်း)က **"စီးပွားရေးကဏ္ဍ"**ကို လည်းကောင်း၊ ဗိုလ်ကြီးဘုန်းလွင်(ငြိမ်း)က **"လူမှုရေးနှင့်သက်သာချောင်ချိရေး"** ကဏ္ဍကို လည်းကောင်း၊ ဗိုလ်ကြီးတင်မောင်သန်း(ငြိမ်း)က **"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"**ကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်၊ ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကို သဘာပတိက ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်ကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အကြိုညီလာခံကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)တွင် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တပရမကြီးမှူး၍ ကမ္မဋ္ဌာနာစရိယအရှင် ဥတ္တရဝံသနှင့် ပဋိစ္စသမုပ္ပာဒ်သင်တန်းပြဆရာကြီး ဦးကျော်မင်း၊ ဒေါ်ဝိဇ္ဇာသီဂီတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇွန် ၇ရက်မှ ၁၃ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူအလှူရှင်များ ဇွန် ၆ရက်အရောက် ကြွရောက်ရန်နှင့် ဖုန်း-၀၉-၅၁၀၅၅၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ သုံးဆယ်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let' s Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် သတ္တဗေဒ အထူးပြု (သတ္တဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ သီချင်းကြီးပဒေသာ
- ၅:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၁၅ ၁၁။ Discovery.
- ၆:၂၀ ၁၂။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ လူငယ်တွေ့ဆုံပွဲနှင့် နှီးနှောဖလှယ်ပွဲ(ပုဂံ) (အပိုင်း-၃)
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၄၅ ၁၈။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ(ရုပ်သေး) "မဟော်သဓာဇာတ်တော်ကြီး" (ဒုတိယဆု) (ဧရာဝတီတိုင်း)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆နာရီခွဲတွင် တာမွေမြို့နယ် ဗညားဒလလမ်းမကြီးပေါ်ရှိ နား၊နှာခေါင်း၊လည်ချောင်း အထူးကုဆေးရုံကြီးရှေ့သို့ ရောက်ရှိလာပြီး ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်အစပ်ရှိ မိုးကောင်းလမ်းကိုဖြတ်၍ စီးဆင်းလျက်ရှိသည့် ခုနစ်ပင်လိမ်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် မိုးကောင်းလမ်းနှင့် ပြည်သာယာလမ်းထောင့်ရှိ မြက်များရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆယ်ယူ

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာ မြက်၊ ချုံနွယ်နှင့် အမှိုက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမှ ပင်လုံလမ်းအထိ အရှည်ပေ ၆၄၃၀၊ အကျယ် ၄၈ပေရှိ လေးလမ်းသွား မောင်းမကန် ကမ်းသာလမ်း ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ မောင်းမကန် ကမ်းသာလမ်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်း လမ်းဖြတ်ကူး Level Crossing ပြုလုပ်ပြီးစီးမှုနှင့် မောင်းမကန် ကမ်းသာလမ်းတစ်လျှောက် Side Drain ပြုလုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မောင်းမကန် ကမ်းသာလမ်းမကြီးပေါ်၌ အရှည်ပေ ၃၀၊အကျယ် ၇၂ပေ ရှိ တိုးကြောင်ကလေးချောင်းဖြတ် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မြဝတီရိပ်သာဝင်းအတွင်း တပ်မတော်သားများနှင့် မိသားစုဝင်များ စုပေါင်း၍ အမှိုက်နှင့်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ မြစ်ထွက်ပေါက်များနှင့် ချောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရေနုတ်မြောင်းများနှင့် ချောင်းများအတွင်း အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမရှိစေရေး ပြည်သူလူထုနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြရန်နှင့် လမ်းများ အရှည်အသွေး စံချိန်စံညွှန်းမီစွာ အမြန်ခင်းကျင်းပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်အစပ်ရှိ မိုးကောင်းလမ်းအား ဖြတ်၍ စီးဆင်းလျက်ရှိသည့် ခုနစ်ပင်လိမ်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်း အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်း တာချီလိတ်မြို့တွင် ဖွင့်လှစ်

ရန်ကုန် မေ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တာချီလိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းက ကြီးမှူး၍ အခြေခံသင်တန်း အမှတ်စဉ်(၄၀/၂၀၀၅)နှင့် အဆင့်မြင့်သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ရက် နံနက် ၉နာရီတွင် ယင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၏ ဇနီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်က သင်တန်းသူ ခြောက်ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းရာ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အခြေခံစက်ချုပ်နည်း၊ အဆင့်မြင့်စက်ချုပ်နည်း၊ မုန့်လုပ်နည်း၊ ဟင်းမျိုးစုံချက်ပြုတ်နည်း၊ သိုးမွေးစက်ဆွဲနည်းတို့ သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်-

- **(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။**
- **(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ**
- **(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။**

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

- **(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။**
- **(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။**
- **(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။**
- **(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။**
- **(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။**
- **(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း။**

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများကူးစက်ပျံ့နှံ့ခြင်းမှကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- **(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။**
- **(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။**
- **(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။**
- **(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။**
- **(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။**
- **(စ) ရေကို ကျိုချက်၍သောက်ပါ။**
- **(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။**
- **(ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။**
- **(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။**
- **(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။**
- **(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှု ခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန။

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး စိုက်ပျိုးရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၄

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၇ရက် နံနက်ပိုင်းက ဘားအံမြို့နယ် တရုတ်လှစိုက်ပျိုးပညာပေးစခန်း၌ စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့သော နွေစပါးများ စုပေါင်းရိတ်သိမ်းခြွေလှေ့နေမှုနှင့် လက်တွန်းထွန်စက်များဖြင့် မြေပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မေ ၁၈ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပသည့် ကရင်ပြည်နယ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးဧက ၅၁၁၁မ ၅သိန်း တိုးချဲ့စိုက်ပျိုးရေးနှင့် မိုးသီးနှံပန်းတိုင်ထွက်နှုန်းရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မေ ၁၉ ရက် နံနက်ပိုင်းတွင် ဗိုလ်မှူးကြီးခင်ကြူးသည် ကမမောင်းမြို့ သံလွင်ဦးဈေးအတွင်းသို့လည်းကောင်း၊ မြို့တွင်းလမ်းများ ကတ္တရာခင်းထားမှုနှင့် တံတားများ၊ ပြုပြင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးရုံး တည်ဆောက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ကမမောင်း-ဖာပွန်လမ်းပိုင်း ကတ္တရာလမ်း ခင်းကျင်းနေမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကမမောင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်မှူးကြီးခင်ကြူးသည် မြို့နယ်ရုံး၌ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်နယ် ဥက္ကဋ္ဌသည် ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကရင်ပြည်နယ်သို့ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ နည်းပြဆရာ၊ဆရာမများလာရောက်ပို့ချခဲ့သည့် အခြေခံ အဆို၊ အက၊ အရေး၊ အတီးသင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြဆရာဦးစိုးမြင့်ကသင်တန်းအတွေ့အကြုံများနှင့်ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများက ကပြဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်ရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံမှ လေ့လာရေးအဖွဲ့ဝင်များ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌လေ့လာ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့၌ ရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)**မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)** Mr. Javed Hassan **ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ သွားရောက်လေ့လာကြရာ ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကွန်ပျူတာခန်းမ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်လေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့်ပြည်ထဲရေးဝန်ကြီးဌာနသို့ရောက်ရှိကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်းဖွင့်

ရန်ကုန် မေ ၂၄

အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်းအမှတ်စဉ် (၂၈) သင်တန်းကို ယနေ့နံနက် ၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ဖွင့်လှစ်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၈၉ဦး၊ သင်တန်းသူ ၁၃၀၊ စုစုပေါင်း ၂၁၉ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) **မှကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)** Mr. Javed Hassan **ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန်မြို့တွင်ရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College(PASC) **မှကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)** Mr. Javed Hassan **ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအားအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -˚Clothing (ဒုတိယနှစ်-အင်္ဂလိပ်စာအထူးပြု)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း(အပိုင်း-၂၀)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" (အပိုင်း-၂၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် မေ ၂၄

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၂၃ရက် နံနက် ၉နာရီတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ လေကြောင်းအတတ်သင် လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆုချီးမြှင့်

အစီအစဉ်အရ တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆု ရရှိသော လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ တံခွန်စိုက်ဒိုင်းဆုရရှိသော လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)(ကိုယ်စား) လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (လေတပ်စခန်း)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Ju-heum နှင့် စီးပွားရေးသံမှူး Mr. Choi Yong-Tae တို့ လာရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံး စီးပွားရေးဌာန(KOTRA)၏ စီစဉ်မှုဖြင့် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာစီးပွားရေးလုပ်ငန်းကုမ္ပဏီ ၂၄ခုနှင့် ကိုရီးယားသမ္မတနိုင်ငံ ချွန်းဘုတ်ပြည်နယ်မှ စီးပွားရေးလုပ်ငန်း ကုမ္ပဏီ ၁၀ခုတို့သည် ဓာတ်လှေကားအမျိုးမျိုး၊ပုံနှိပ်စက်နှင့် အော့ဖ်ဆက်အမျိုးမျိုး၊ မီးခံသေတ္တာနှင့် မီးခံတံခါးအမျိုးမျိုး၊ မီးအားထိန်းစက်နှင့် မီးအားမြှင့်စက်အမျိုးမျိုး၊ Mobile Gamesအမျိုးမျိုး၊ လေအေးပေးစက်သုံး ပိုက်လိုင်းများနှင့် အပိုပစ္စည်းအမျိုးမျိုး၊ စားသောက်ဖွယ်ရာ အမျိုးမျိုးတို့ ရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် စီးပွားရေး လုပ်ငန်းဆိုင်ရာများကို သက်ဆိုင်ရာ လုပ်ငန်းကုမ္ပဏီအလိုက် တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ကျင်းပရာသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Ju -heum နှင့် စီးပွားရေးသံမှူး Mr.Choi Yong-Tae တို့ လာရောက်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

တာချီလိတ်မြို့နယ် နွေစပါးရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် နွေစပါးရိတ်သိမ်းပွဲကို မေ ၁၅ရက်တွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါကောင်ရွာရှိ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေငါးဧကစိုက်ကွင်း၌ ကျင်းပရာ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့်အဖွဲ့ဝင်များက နွေစပါးရိတ်သိမ်းမှုနှင့် အထွက်နှုန်းတိုင်းတာမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။ (သတင်းစဉ်)

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ်ငါးသန်၊ ဘေးမဲ့ချန် ပုံမှန်စားသုံး၊ မျိုးမသုဉ်း။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက် ငါးသန်များသည်လည်း သေကြေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီး သွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအဖြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ဆေးဝါးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စများနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၃) ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၄၄)သိမ်ဖြူလမ်း၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဆရာများ ကိုယ်စား မြန်မာနိုင်ငံ အဓိကဆေးဝါး စီမံချက် စီမံချက်မန်နေဂျာ ဒေါက်တာမင်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သင်တန်းဆရာများအား မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းမှူး ဒေါက်တာမိမိကိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန်ကိစ္စနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၃) ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၂၄

၂၀၀၅ခုနှစ် မေ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၁၄နာရီ ၁၇မိနစ် ၁၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းတာရရှိသည်။ (သတင်းစဉ်)

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် မေလဂေါက်ရိုက်ပြိုင်ပွဲကို မေ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ယူနီဆက်ဒေသဆိုင်ရာဒါရိုက်တာ တွေ့ဆုံ

ရန်ကုန် မေ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား UNICEF East Asia and Pacific Region **မှ** Regional Director Ms. Anupama Rao Singh **နှင့်အဖွဲ့သည် ယနေ့ ညနေ ၄နာရီခွဲတွင် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ခင်နှင့် ရုံးအဖွဲ့မှူး ဦးမောင်ပီတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA) အသင်း (၁၇) ကြိမ်မြောက် အဘိဓမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက်က ကျင်းပရာ အသင်းနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးအေးနိုင် အမှာစကားပြောကြားစဉ်။ (၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ သီးနှံများတွင်ကျရောက်သော သီးနှံဖျက်ပိုးများနှင့် ကာကွယ်ဆေးများ
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ
၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ မှော်ဘီ(၃)စပါးမျိုးသစ်အပေါ်တွင် ကောက်ကွက်ပျိုးသက် စမ်းသပ်မှု
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ ဖိဖာကမ္ဘာ့ဖလား
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ ရှားပါးသော ရေချိုရေငန်စပ်မိကျောင်း
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ မိုးလေဝသခန့်မှန်းချက်
၉း၄၀ ပဒုမ္မာဆပ်ပြာစက်ရုံ
၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ လုပ်သားများအားထားရာ ကရုဏာကြေးခံစားခွင့်ပါ
၁၀း၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ သင်ယူစရာပန်းချီပညာ
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ (၄) ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပထမတန်း၊ ဒုတိယတန်းနှင့်တတိယတန်း ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအမှတ်ပေး ပထမတန်း၊ ဒုတိယတန်းနှင့်တတိယတန်း ဘောလုံးပြိုင်ပွဲများကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပသော ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အား/ကာသိပ္ပံ (ရန်ကုန်)အသင်းနှင့် တပ်မတော် (ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာ သိပ္ပံ(ရန်ကုန်)အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသော ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဥက္ကလာ (ခေါ်) ပုလဲနက်အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥက္ကလာ (ခေါ်) ပုလဲနက်အသင်းက ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ကြည့်မြင်တိုင်မြို့နယ်စလင်းအားကစားကွင်း၌ ကျင်းပသော တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် လွန်းပျံအသင်းနှင့် ကြယ်ပွင့်လေးများ(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လွန်းပျံအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။(သတင်းစဉ်)

တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား UNICEF East Asia and Pacific Region **မှ** Regional Director Ms. Anupama Rao Singh **နှင့်အဖွဲ့က ဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဗိုလ်လုပွဲ အေစီမီလန်နှင့် လီဗာပူး ယှဉ်ပြိုင်ကစားမည်

အစ္စတန်ဘူလ် မေ ၂၃

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အတာတပ်စ် အားကစားရုံတွင် ဗုဒ္ဓဟူးနေ့၌ ကျင်းပမည်ဖြစ်သည်။

ကိုယ်စားပြု

အစဉ်အလာရှိခဲ့သော အသင်းများဖြစ်သည့် အေစီမီလန်အသင်းနှင့် လီဗာပူးအသင်းတို့၏ ဗိုလ်လုပွဲတွင် ပါဝင်မည့် ဘောလုံးသမားများမှာ နိုင်ငံပေါင်း ၁၉ နိုင်ငံကို ကိုယ်စားပြုသူများဖြစ်ကြသည်။

ချန်ပီယံလိဂ် ချန်ပီယံဆုဖလား ခြောက်ကြိမ်ရခဲ့ဖူးသော အေစီမီလန်အသင်းကို မိမိတို့အသင်းက အနိုင်ကစားသွားမည်ဟု လီဗာပူး မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ကြုံးဝါးထားသည်။ မိမိ၏ လီဗာပူးအသင်းသည် ၂၁ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဆုဖလားကို ရယူရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ယှဉ်ပြိုင်ကစား

အေစီမီလန်အသင်းသည် ဥရောပ ဘောလုံး အတွေ့အကြုံ အများအပြားရှိသည့် အသင်းဖြစ်သော်လည်း မိမိတို့အသင်းက အခွင့်အရေးကောင်းမှန်သမျှကို လက်လွှတ်မခံရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ မိမိတို့အသင်းမှာ အတွေ့အကြုံအရ အေစီမီလန်အသင်းကို မယှဉ်သာသော်လည်း အောင်ပွဲရရှိရေး ပြင်းပြသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း စပိန်လူမျိုး မန်နေဂျာ ဘင်နီတက်ဇ်က ပြောကြားသည်။

အေစီမီလန်အသင်းတွင် ပါဝင်ကစားဖွယ်ရှိသည့် လူစာရင်းတွင် ပါဝင်သော ဘောလုံးသမား ခုနစ်ဦး ထက်မနည်းမှာ ၂၀၀၂-၂၀၀၃ ခုနှစ် အေစီမီလန်-ဂျူဗင်တပ်စ် ဗိုလ်လုပွဲတွင် ပါဝင်ကစားခဲ့သူများ ဖြစ်ကြသည်။

အေစီမီလန်အသင်းမှ အသင်းခေါင်းဆောင် ပေါ်လိုမာဒီနီမှာ ၎င်းအတွက် သတ္တမအကြိမ် ဗိုလ်လုပွဲတွင် ပါဝင်မည့်သူဖြစ်ပြီး ဂိုးသမား နယ်လ်ဆင်ဒီဒါ၊ ကာဖူး၊ အလက်ဇန်ဒရိုနက်စတာ၊ ယပ်စတန်း၊ ပီယာလို၊ ကာကာ စသည့် ဘောလုံးသမားများမှာ အတွေ့အကြုံရင့်သည့် ဘောလုံးသမားများဖြစ်ကြသည်။

လီဗာပူးအသင်းသည် ၁၉၈၅ ခုနှစ်နောက်ပိုင်း ဥရောပဖလား ဗိုလ်လုပွဲတွင် ပထမဆုံးအကြိမ် ကစားရခြင်းဖြစ်သည်။

ရိုက်တာ။



မေ ၂၄ ရက်က တူရကီ နိုင်ငံ အစ္စတန်ဘူလ်တွင် ကျင်း ပ သော သတင်းစာရှင်းလင်းပွဲတွင် ချန်ပီယံလိဂ်ဆုဖလားကြီးနံဘေးတွင် ထိုင်နေသော လီဗာပူးအသင်းမှနောက်ခံလူဆာမီဟာစ်ပီယာအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၂၂ ရက်က ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကျင်းပမည့် အတာတပ်စ်အားကစားရုံကြီးကို အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စာကြည့်တိုက်များဖွင့်လှစ်

ညောင်ရွှေ မေ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မေ ၁၃ရက် မွန်းလွဲ ၁နာရီခွဲက စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ အလားတူ နန်းပန်ရပ်ကွက်တွင် လင်းလက်စာကြည့်တိုက်၊ မိုင်းလီရပ်ကွက်တွင် မိုင်းလီ စာကြည့်တိုက်တို့ကိုလည်း ဖွင့်လှစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ ကြိုဆိုစုပေါင်းသန့်ရှင်းရေး ပြုလုပ်

မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မုံရွာမြို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက မေ ၁၅ ရက်တွင် မုံရွာမြို့ တိုင်းပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

(တက်ရောက်)

သန့်ရှင်းရေး ဆောင်ရွက်ရာသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် ကော်မတီဝင်များ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

မုံရွာမြို့ တိုင်းပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ပင်များကို စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(တိုင်းပြန်/ဆက်)**

၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်

ကော့ကရိတ် မေ ၁၀

ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁ ရက်က ကော့ကရိတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင် အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးကျော်မိုးက စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ရာ ခရိုင်ဥက္ကဋ္ဌက မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များပေးအပ်သည်။ **(ခရိုင်ပြန်/ဆက်)**

အလှူရှင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်

သာစည် မေ ၂၁

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း အလှူရှင်(ဦးမြသောင်း)-ဒေါ်အင်ဖိတ်ဘိ (ရွှေနဂါးမိသားစု)က ငွေကျပ်သိန်း ၄၀ကျော် အကုန်ကျခံ၍ လှူဒါန်းသော အလျားပေ ၆၃၀၊ အကျယ် ၁၆ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၃၀ ရက်က အမှတ်(၇)ရပ်ကွက်အတွင်းရှိ လမ်းသစ်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တက်ရောက်ချီးမြှင့်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသောင်းနှင့် အလှူရှင် ဒေါ်အင်ဖိတ်ဘိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (၄၀၅)

ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာ ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ဦး၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်ညွန့်ရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးနှင့် ကျေးရွာဥက္ကဋ္ဌဦးထွန်းနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြက်လည်လိမ်ရောဂါ ကာကွယ်ရေးဆောင်ရွက်

ဆားလင်းကြီး မေ ၃

စစ်ကိုင်းတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေနှင့် မုံရွာခရိုင် ဦးစီးမှူး ဦးအေးဆွေတို့သည် မေ ၃ ရက်က ဆားလင်းကြီးမြို့သို့ ရောက်ရှိပြီး ဆားလင်းကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးညွန့်မောင်နှင့် ဝန်ထမ်းများနှင့်အတူ အမှတ်(၁)ရပ်ကွက်တွင် ပြည်သူများ မွေးမြူထားသော ဒေသကြက်များကို အပူဒဏ်ခံ ကြက်လည်လိမ်ရောဂါ ကာကွယ်ရေးအတွက် မျက်စဉ်းများ ခတ်ပေးသည်။

ကျေးလက်ဒေသများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒေသကြက်ကောင်ရေ ၇၅၀၀ ကျော် မျက်စဉ်းခတ်ပြီးစီးကြောင်း သိရသည်။ **(၄၃၅)**

အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဖွင့်

ကျောက်ဆည် မေ ၁၅

၂၀၀၅ ခုနှစ် ကျောက်ဆည်ခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဖွင့်ပွဲကို မေ ၂ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ ကျောက်ဆည်မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တို့ တက်ရောက်ကြပြီး မန္တလေးမြို့ ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြဆရာသုံးဦးနှင့် အနုပညာရှင်များက ဦးဆောင်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ဝန်ထမ်းများ စုပေါင်း၍ မေ ၁ ရက်က ဖက်တန်းနယ်မြေရှိ အမှတ်(၁) ဈေးအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၃၀၇)

မေ ၁၅ ရက်က မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးရှေ့တွင် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၃၈၇)

ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ဖားကန့် မေ ၁၂

ဖားကန့်မြို့ မြို့မဈေးကြီး သန့်ရှင်းသပ်ရပ်ရေးအတွက် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်း၍ မေ ၁၂ ရက်က ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းတို့ကို ဦးစီးအရာရှိ ဦးနေမျိုးနိုင်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးစိုးလွင်တို့က ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ကြီးမှူး၍ ရန့်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းဦးနှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၉၉)

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဉာဏ်စမ်းပြိုင်ပွဲနှင့် ရာသက်ပန်အသင်းဝင်ကတ်များ ပေးအပ်ပွဲကို ဧပြီ ၂၇ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဆုရသူများနှင့် ရာသက်ပန်အသင်းဝင်ကတ်များအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များက ပေးအပ်ကြစဉ်။ (၄၂၁)

ရေအရည်အသွေးစစ်ဆေး

ဖယ်ခုံ မေ ၁၅

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီးသော စက်ရေတွင်း၊ လက်တူးတွင်းနှင့် စိမ့်စမ်းရေ သွယ်လုပ်ငန်းများ၏ ရေများသန့်ရှင်းမှုရှိ၊ မရှိ ရေအရည်အသွေး စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၂၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးထွန်းထွန်းမော် (လက်ထောက်အင်ဂျင်နီယာ)က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်နိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးသည်။

(နယ်စပ်စည်ပင်)



ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၃ရက်တွင် သံလွင်တံတား(တာပါး)မှ တစ်ဆင့် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား (နောင်ချို) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားဆောက်လုပ်ရေး အထူးအဖွဲ့ (၁၄)မှ အင်ဂျင်နီယာမှူးဦးကျော်လင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းတို့က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းတို့က ရပ်စောက်ဘက်နှင့် နောင်ချိုဘက်တို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရန်၊ အရည်အသွေးကောင်းမွန်စေရန် မှာကြားသည်။ ဒုဋ္ဌဝတီတံတား(နောင်ချို)ပြီးစီးပါက နောင်ချိုနှင့် ရွှေညောင်ကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံကျင်းပ

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အခမ်းအနားတွင် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ အမှာစကားပြောကြားစဉ်။ (ထပဆ)

ရန်ကုန် မေ ၂၄

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့ နံနက် ၉နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းမော် (ငြိမ်း)၊ မွန်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အမှုဆောင်များ၊ အရန်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကြိုညီလာခံ ပထမပိုင်းကို ကျင်းပရာ သဘာပတိအဖြစ် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီတို့အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဆေးမှူးအဆင့်ရှိ အောင်ခိုင်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညှော်ခံဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ ဒိုးဒါရှန်းသတင်းဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လေ့လာ

ရန်ကုန် မေ ၂၄

အာဆီယံ-အိန္ဒိယ သတင်းဆက်သွယ်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ⇨